**စားရိပ်သာဆိုင်ခန်း ငှားရမ်းရန် ဈေးပြိုင်တင်ဒါစနစ်ခေါ်ယူရန် ကြေညာခြင်း**

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရှိ ဝန်ထမ်းများ အစားအသောက်များကို သန့်ရှင်းလတ်ဆတ်စွာနှင့် အမယ်စုံလင်စွာ အလွယ်တကူဝယ်ယူစားသောက်နိုင်ရန်အတွက် ရုံးအမှတ် (၁၄)ရုံးဝန်းအပြင်ဘက် ကားရပ်နားကွင်းအနီးရှိ ဝန်ထမ်းစားရိပ်သာအဆောက်အဦအား ဈေးပြိုင်တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ရာ အောက်ပါအချက်များနှင့် ကိုက်ညီသည့် စိတ်ပါဝင်စားသူများ တင်ဒါတင်သွင်း လျှောက်ထားနိုင်ပါသည်-

(က) မြန်မာနိုင်ငံသားဖြစ်ရပါမည်။

( ခ ) စားသောက်ဖွယ်ရာများကို သန့်ရှင်းလတ်ဆတ်မှု အဓိကထား၍ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရမည်။

( ဂ ) အရက်သေစာနှင့် မူးယစ်ဆေးဝါးများ ရောင်းချခြင်းကို ခွင့်ပြုမည်မဟုတ်ပါ။

(ဃ) အခြားသောအခွန်အခများကို မိမိအစီအစဉ်ဖြင့် ပေးဆောင်ရမည်ဖြစ်ပါသည်။

( င ) အဆောက်အဦကို မိမိအစီအစဉ်ဖြင့် သပ်ရပ်သန့်ရှင်းစွာ ပြုပြင်ဆောင်ရွက်ရမည်ဖြစ်ပြီး စာချုပ်သက်တမ်းကုန်ဆုံးသည့်အခါ ပြင်ဆင်ပြီးသည့် အနေအထားအတိုင်းထားရှိသွားရမည်ဖြစ်ပါသည်။

( စ ) ဆောင်ရွက်ခွင့်ရရှိပါက (၁)နှစ် စာချုပ်ချုပ်ဆို ငှားရမ်းမည်ဖြစ်ပါသည်။

(ဆ) တင်ဒါအောင်မြင်၍ ဆိုင်ဖွင့်လှစ်ခွင့်ရရှိသူသည် လျှပ်စစ်မီတာခ ပေးဆောင်ရန်အတွက် (SubMeter)မှ ကျသင့်သုံးစွဲယူနစ်အားတွက်ချက်၍ ပြည်ထောင်စုဝန်ကြီးရုံးသို့ လာရောက်ပေးသွင်းရမည်ဖြစ်ပါသည်။

( ဇ ) ဆိုင်ဖွင့်ချိန်အား မနက်(၆)နာရီမှ ညနေ(၈)နာရီအတွင်းသာ ဖွင့်လှစ်ရောင်းချရမည်ဖြစ်ပါသည်။

၂။ စားသောက်ဆိုင်ဖွင့်လှစ်ရန်လျှောက်ထားလိုသူများသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ပြည်ထောင်စုဝန်ကြီးရုံး၊ ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲသို့ (၁၁-၇-၂၀၂၅) ရက်နေ့မှစတင်လျှောက်ထားနိုင်ပြီး (၂၄-၇-၂၀၂၅)ရက်နေ့တွင် နောက်ဆုံးထား၍ ရုံးချိန်အတွင်း လာရောက်တင်သွင်းလျှောက်ထားနိုင်ပါကြောင်းနှင့် (၂၅-၇-၂၀၂၅)ရက်နေ့တွင် ဈေးနှုန်းများဖွင့်ဖောက်ရွေးချယ်မည်ဖြစ်ပါသည်။ အခြားသိရှိလိုပါကဖုန်း ၀၆၇-၃၄၀၉၅၅၀/ ၀၆၇-၃၄၀၉၄၉၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

## စားရိပ်သာဆိုင်ခန်း ငှားရမ်းရန် စည်းကမ်းချက်များ

၁။ စားရိပ်သာဆိုင်ခန်းဖွင့်လှစ်ငှားရမ်းမည့် ဆိုင်ပိုင်ရှင်များသည် ဈေးနှုန်းအဆိုပြုလွှာစာအိတ်ကို ယူဆောင်လာရမည်။

၂။ စားရိပ်သာဆိုင်ခန်းဖွင့်လှစ်ငှားရမ်းမည့် ဆိုင်ပိုင်ရှင်များသည် တင်ပြထားသည့် ဈေးနှုန်းအဆိုပြုလွှာ ငွေပမာဏ၏(၃)လစာငွေသားကို တပါတည်းယူဆောင်တင်ပြရမည်။

၃။ ရောင်းချမည့်စားသောက်ဖွယ်ရာများစာရင်း၊ ဈေးနှုန်း၊ ဝန်ထမ်းဦးရေ၊ စားသောက်ဆိုင်ဖွင့်လှစ် ရောင်းချခွင့်လိုင်စင်တို့ကိုတင်ပြရမည်။

၄။ တင်ပြလျှောက်ထားသည့် ဈေးနှုန်းအဆိုပြုလွှာများကို အားလုံးရှေ့တွင် ဖွင့်ဖောက်ကြေငြာမည် ဖြစ်ပါသည်။

၅။ တင်ပြလျှောက်ထားသည့် ဈေးနှုန်းအဆိုပြုလွှာသည် ဝန်ကြီးဌာနတင်ဒါကော်မတီက သတ်မှတ် ထားသည့် ကြမ်းခင်းဈေးပမာဏကို ပြည့်မှီခြင်းမရှိပါက စားရိပ်သာဆိုင်ခန်းအား မည်သူကိုမှ ငှားရမ်းခြင်း ဆောင်ရွက်မည်မဟုတ်ပါ။

၆။ ဈေးနှုန်းအဆိုပြုလွှာများထဲမှ ဈေးနှုန်းအများဆုံးတင်ပြသည့် ဆိုင်အားမှတ်တမ်းထားရှိပြီး ယခု ဖွင့်လှစ်ရောင်းချဆဲ မြို့ဂုဏ်စားသောက်ဆိုင်ရှင်မှ ဈေးနှုန်းအများဆုံးတင်ပြသည့်ဆိုင်၏ ဈေးနှုန်းကို ကျော်လွန်ပေးနိုင်လျှင် ဖွင့်လှစ်ရောင်းချဆဲ မြို့ဂုဏ်စားသောက်ဆိုင်အား(၁)နှစ် အငှား စာချုပ်ချုပ်ဆို၍ ဆက်လက်ဖွင့်လှစ်ရောင်းချနိုင်ရန် ငှားရမ်းမည်ဖြစ်ပါသည်။

၇။ ဖွင့်လှစ်ရောင်းချဆဲ မြို့ဂုဏ်စားသောက်ဆိုင်ရှင်မှ ဈေးနှုန်းအများဆုံးတင်ပြသည့်ဆိုင်၏ ဈေးနှုန်းကိုကျော်လွန် မပေးနိုင်လျှင် ဈေးနှုန်းအများဆုံးတင်ပြလျှောက်ထားသည့် ဆိုင်ဖြင့် (၁)နှစ်စာ ချုပ်ချုပ်ဆို ငှားရမ်းမည် ဖြစ်ပါသည်။

၈။ ဖော်ပြပါစည်းကမ်းချက်များကို သိရှိနားလည်သဘောပေါက်ပြီးဟု ယူဆပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**၂၀၂၅ - ၂၀၂၆ ၊ ဘဏ္ဍာရေးနှစ်**

**ကားပါကင်စားရိပ်သာဆိုင်ခန်းငှားရမ်းခြင်း**

**အိတ်ဖွင့်တင်ဒါပေးသွင်းခြင်းပုံစံ**

၁။ တင်သွင်းသူအမည် ----------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ----------------------------------------

၃။ နေရပ်လိပ်စာ ----------------------------------------

----------------------------------------

၄။ ဖွင့်လှစ်မည့်ဆိုင်အမျိုးအစား ----------------------------------------

----------------------------------------

၅။ တင်ဒါပေးသွင်းသည့်ဆိုင်ခန်းငှားရမ်းခ(၁လနှုန်း)ငွေပမာဏဂဏန်းကိုသီးခြားစာအိတ်ဖြင့် ထည့်၍ တင်သွင်းရန်။

**(ဖွင့်လှစ်မည့်ဆိုင်အမျိုးအစား၏ အချက်အလက်များနှင့်ဝန်ထမ်းစာရင်းကို ပူးတွဲတင်ပြရန်။)**

တင်ဒါပေးသွင်းသူလက်မှတ် -------------------------

တင်ဒါပေးသွင်းသူအမည် -------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -------------------------

လုပ်ငန်းအမည်/ ကုမ္ပဏီအမည် -------------------------

နေရပ်လိပ်စာ -------------------------

ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ် -------------------------

ရက်စွဲ -------------------------

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**